myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

August 5, 2019 Volume 22, Number 3

**၅.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၅၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၆၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၀/ကျပ် |
| CBM Rate | = ၁၅၁၂.၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၄.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၅.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၉၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၆၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မြန်မာ့အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁,၁၅၄,၅၀၀ အထိ ဆက်လက်မြင့်တက် စက်သုံးဆီဈေးနှုန်းပါ ထပ်မံမြင့်တက်လျက်ရှိ



ယခုတစ်ပတ်အတွင်း ပြည်တွင်းအခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁,၁၅၄,၅၀၀ အထိ ဆက်လက်မြင့်တက်လာပြီး စက်သုံးဆီဈေးနှုန်းပါ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ပြည်တွင်းရွှေနှင့် စက်သုံးဆီဈေးကွက်မှ ဩဂုတ် ၃ ရက်က သိရသည်။ ဇူလိုင်၂၉ ရက် ပြည်တွင်းရွှေဈေးကွက် ပြန်ဖွင့်သည့်နေ့တွင် ညနေပိုင်းဈေးပိတ်ချိန်၌ ရွှေဈေးတစ်ကျပ်သားလျှင် ကျပ် ၁,၁၄၇,၀၀၀ ရှိခဲ့ရာမှ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် တစ်ကျပ်သားလျှင် ကျပ် ၁,၁၅၄,၅၀၀ သို့ရောက်ရှိခဲ့၍ ရွှေဈေးတစ်ကျပ်သားလျှင် ကျပ် ၇,၅၀၀ ခန့် ထပ်မံ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၂၉ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာလည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ ဩဂုတ် ၃ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၄၁ ဒေါ်လာဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့သဖြင့် တစ်အောင်စလျှင် ၂၁ ဒေါ်လာခန့် ထပ်မံမြင့်တက်ခဲ့သည်။

ပြည်တွင်းဒေါ်လာငွေလဲနှုန်းမှာလည်း ဇူလိုင် ၂၉ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၁၀ (အရောင်း)၊ ၁၅၀၆ ကျပ် (အဝယ်) ရှိခဲ့ရာမှ ဩဂုတ် ၃ ရက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်(အရောင်း)၊ ၁၅၀၇ ကျပ် (အဝယ်)ရှိခဲ့သဖြင့် တစ်ဒေါ်လာလျှင် တစ်ကျပ်ခန့်မြင့်တက်ခဲ့သည်။ ဩဂုတ် ၃ ရက် စက်သုံးဆီဈေးနှုန်းများအရ အောက်တိန်း ၉၂ တစ်လီတာလျှင် ၈၀၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ၈၉၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၀၀ နှင့် ပရီမီယံ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၁၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ဇူလိုင် ၂၉ ရက်ဈေးနှင့် နှိုင်းယှဉ်ပါက အောက်တိန်း ၉၂ နှင့် အောက်တိန်း ၉၅ တို့မှာ တစ်လီတာလျှင် ၁၅ ကျပ် ခန့်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/126511.html

## ခွင့်ပြုကာလတိုတောင်းမှုက အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များအား ပဲမျိုးစုံတင်သွင်းမှု လျင်မြန်စွာဆောင်ရွက်စေရန် တွန်းအားဖြစ်ပေါ်လျက်ရှိခြင်း

အိန္ဒိယအစိုးရက ၂၉.၃.၂၀၁၉ နေ့ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာချက် No. S.O. 1478–1481(E) အရ ၂၀၁၉–၂၀ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍမှ တင်သွင်းရန်သတ်မှတ်ထားသည့် ပဲမျိုးစုံတင်သွင်းခွင့်ပမာဏအား ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များသို့ ကိုတာခွဲဝေချထားခြင်းကို အိန္ဒိယပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနက ၁၂.၆.၂၀၁၉ နေ့တွင် ကြော်ငြာစာထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်းဈေးကွက်လိုအပ်ချက်အရ ပဲစင်းငုံအား နောက်ထပ် တန်ချိန် ၂ သိန်း တိုးမြှင့်တင်သွင်းခွင့်ပြုကြောင်းကိုလည်း ၅.၇.၂၀၁၉ နေ့တွင် ကုန်သွယ်မှုနိုးဆော်စာ ထုတ်ပြန် အတည်ပြုခဲ့ပြီး ပဲတင်သွင်းခွင့် ကိုတာခွဲဝေရေးကော်မတီက ၎င်းထပ်တိုး ပဲစင်းငုံပမာဏအတွက် အပြီးသတ်ကိုတာခွဲဝေမှုကို ၂၅.၇.၂၀၁၉ နေ့၌ ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ရာ ပဲစင်းငုံမူလတန်ချိန် ၂ သိန်းအတွက် ကုမ္ပဏီ ၁၁၈၆ ခုနှင့် ထပ်တိုးတန်ချိန် ၂ သိန်းအတွက် ကုမ္ပဏီ ၁၀၁၈ ခု ကလည်းကောင်း၊ မတ်ပဲ တန် ၁.၅ သိန်းအား ကုမ္ပဏီ ၁၁၂၀ ခု ကလည်းကောင်း၊ ပဲတီစိမ်း တန်ချိန် ၁.၅ သိန်းကို ကုမ္ပဏီ ၁၀၁၆ ခုက လည်းကောင်း၊ ပဲလုံးတန်ချိန် ၁.၅ သိန်းအတွက် ကုမ္ပဏီ ၁၁၂၀ ခုသည် လည်းကောင်း အသီးသီးတင်သွင်းခွင့်ရရှိခဲ့ကြပါသည်။

ပဲများတင်သွင်းခွင့်ပြုသည့် ကာလအား မူလက ၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ သတ် မှတ်ထားသော်လည်း စားသုံးသူများ၏ ဈေးနှုန်းသက်သာမှုရှိစေရန်အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ အတွင်း ဆိပ်ကမ်းသို့ အရောက် တင်သွင်းကြရမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်ရာ အိန္ဒိယပြည်တွင်းရှိ ပဲမျိုးစုံတင်သွင်း သည့် ကုမ္ပဏီများအနေဖြင့် ပြည်ပနိုင်ငံများရှိ ၎င်းတို့၏ မိတ်ဖက်ကုန်သည်များနှင့် ဆက်သွယ်လျက် အချိန်မီစာချုပ်ချုပ်ဆို၍ ပဲများတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် တန်ချိန်တိုးမြှင့်ခွင့်ပြုထားသည့် ပဲစင်းငုံများ တင်သွင်းနိုင်ရန်အတွက် အိန္ဒိယကုမ္ပဏီများသည် ၎င်းတို့၏ ပုံမှန်ဆက်သွယ်မှုရှိသည့် ပြည်ပကုန်သည်များအပြင် အခြား ပဲစင်းငုံစိုက်ပျိုး ထုတ်လုပ်တင်ပို့သော နိုင်ငံများရှိ ပဲကုန်သည်များနှင့် အဆက်အသွယ်ရရှိ ဝယ်ယူနိုင်ရန် ကြိုးပမ်းလာကြသည်ကို တွေ့ရှိရပါသည်။ နယူးဒေလီမြို့ရှိ မြန်မာသံရုံးအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း မြန်မာပဲကုန်သည်များနှင့် အဆက်အသွယ်ရရှိလို၍ ဆက်သွယ်စုံစမ်းလာသည့် အိန္ဒိယ ကုမ္ပဏီ ၂ ခုအား မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းနှင့် ချိတ်ဆက်ပေးခဲ့ပါသည်။

အခြားတစ်ဖက်တွင် အိန္ဒိယနိုင်ငံသည် ၎င်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ထားသည့် မိုဇမ်ဘစ်နိုင်ငံထံမှ ၂၀၁၉–၂၀ ဘဏ္ဍာနှစ်အတွင်း ပဲစင်းငုံ တန်ချိန် ၁.၇၅ သိန်း တင် သွင်းရန်ရှိရာ ၃.၆.၂၀၁၉ နေ့အထိ ၆၆၃၃ တန် တင်သွင်းထားပြီးဖြစ်ကြောင်းသိရှိရပါသည်။ အိန္ဒိယအစိုးရကခွင့်ပြုထားသည့် ပဲတင်သွင်းခွင့်ကာလတိုတောင်းမှုက ၎င်း၏ ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များအား ပဲမျိုးစုံတင်သွင်းမှု လျင်မြန်စွာဆောင်ရွက်စေရန် တွန်းအားပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိနိုင်ငံထွက် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို အိန္ဒိယဈေးကွက်၏ လိုအပ်ချက်အလိုက် အချိန်နှင့်တစ်ပြေးညီ လိုက်ပါဆောင် ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

စီးပွားရေးသံမှူး

မြန်မာသံရုံး၊ နယူးဒေလီမြို့

Source: 1. Minutes of the meeting of Quota Allotment Committee, 25 Jul 2019, Directorate General of Foreign Trade, Government of India

2. Statement on import of peas and pulses from Mozambique, 2019–20 (1) _0, 4 Jun 2019, Directorate General of Foreign Trade, Government of India

## ထိုင်းပြည်ပတင်ပို့မှုမြှင့်တင်ရန်ပြင်ဆင်ခြင်း

ထိုင်းအစိုးရအနေဖြင့် ထိုင်းပြည်၏ကျဆင်းနေသော ပို့ကုန်ကဏ္ဍကိုမြှင့်တင်ရန် အလို့ငှါ ထိုင်းအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးရန်ပုံငွေမှ ထိုင်းဘတ်ငွေ (၉၅၄) သန်းကို ခွဲဝေသတ်မှတ် ပေးခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါ ငွေများအား အပြည်ပြည်ဆိုင်ရာ Roadshow များ၊ ရည်မှန်း သတ်မှတ်ထားသောနိုင်ငံများတွင် ကုန်စည်ပြပွဲ ( Trade Fairs and Exhibitions) ဆိုင်ရာစီစဉ်မှုများနှင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများအား ယှဉ်ပြိုင်စွမ်းအားမြင့်မားလာစေရန် မြှင့်တင်ပေးမည့်ကိစ္စရပ်များနှင့် အလားအလာရှိသော ဈေးကွက်သစ်များကို ချိတ်ဆက်ပေးရန်ကိစ္စရပ်များအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်းသိရှိရပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ရန်ပုံငွေဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ Jurin Laksanawisit ၏ ပြောကြားချက်အရ ထိုင်းအစိုးရအနေဖြင့် ပို့ကုန်မြှင့်တင်သွားရန် ကတိပြုကြောင်း၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ပုဂ္ဂိုလ်များပါဝင်သော ပူးတွဲကော်မတီအစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်းသိရှိရ ပါသည်။ ၎င်းကဆက်လက်ပြီး ထိုင်းနိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံးရှိအခြားနိုင်ငံများကဲ့သို့ ပို့ကုန်တင်ပို့မှုကျဆင်းလျက်ရှိကြောင်း၊ သို့ရာတွင်မိမိတို့အနေဖြင့် အစိုးရနှင့်ပုဂ္ဂလိကများ ပိုမိုပူးပေါင်း၍ ဈေးကွက်သစ်များ တိုးတက်ရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ပို့ကုန်တင်ပို့မှုပြန်လည်မြင့်တက်လာမည်ဟုမျှော်လင့်ကြောင်းပြောကြားခဲ့ပါသည်။ ဖွန်လတွင် အစိုးရ၏ထောက်ပံ့မှုဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးရန်ပုံငွေတွင် ဘတ်ငွေ (၁.၁၇၉) ဘီလီယံရှိကြောင်းလည်းသိရှိရပါသည်။

ဘုတ်အဖွဲ့အနေဖြင့် ၂၀၂၀-၂၀၁၄ ခုနှစ်အတွက် မဟာဗျူဟာ(၃)ရပ်နှင့် စီမံကိန်း (၂၀၅)ခုအား အတည်ပြုပေးခဲ့ကြောင်း၊ မဟာဗျူဟာတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအတွက် တိုင်းပြည်၏ ယှဉ်ပြိုင်စွမ်းအားမြင့်မား တိုးတက်စေရန် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲများကိုဆောင်ရွက်ရန်၊ ဒေသတွင်းစီးပွားရေးဆိုင်ရာပေါင်းစည်းမှု (RCEP) ကိစ္စရပ်များအား ယခုနှစ်တွင် အပြီးသတ်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် ထိုင်း-အီးယူ FTA ဆွေးနွေးပွဲများအား ပြန်လည်စတင်ရန်တို့ပါဝင် ကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်း-အီးယူ FTA မူဘောင်အား အစိုးရအဖွဲ့သို့ အမြန်ဆုံးတင်ပြသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုစေ့စပ်ဆွေးနွေးရေးဦးစီးဌာန အနေဖြင့် ပစိဖိတ်ရပ်ဝန်း(၁၁)နိုင်ငံပါဝင်သော ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု Tran-Pacific Partnership(TPP)တွင် ထိုင်းနိုင်ငံပါဝင်ဆောင်ရွက်ပါကရရှိမည့် အကျိုးအပြစ်တို့အား အမြန်ဆုံးလေ့လာတင်ပြရန် ညွှန်ကြားထားကြောင်းသိရှိရ ပါသည်။ ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် ဈေးကွက်သစ်များ ရှာဖွေဆောင်ရွက်ရန် အစီအမံများချမှတ်ရန် လိုအပ်သကဲ့သို့ရှိပြီး ဈေးကွက်များအားထိန်းသိမ်းရန် လိုအပ်မှာဖြစ်ကြောင်း၊ အချို့ယခင်က ရရှိထားပြီးပျောက်ကွယ်သွားသည့် အီရန်ကဲ့သို့သော ဈေးကွက်များကို ပြန်လည်ဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ အခြားတိုးတက်မှုအနေဖြင့် ယမန်နေ့က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အေဂျင်စီ(၄၄)ခုတို့အနေဖြင့် ဇူလိုင်လမှ အောက်တိုဘာလအထိ ရာသီပေါ်သီးနှံတန်ချိန်(၂၀၀၀၀)အား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန် နားလည်မှုစာချွန်လွှာ (MOU)အား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

**Source: Bangkok Post**

**စီးပွားရေးသံမှူး- ဘန်ကောက်**

## အမရပူရ တပ်ကြီးဒေသခံများ မြေထည်ပစ္စည်းများပြုလုပ်သည့် ကုန်ကြမ်းဈေးမြင့်တက်နေ



မြေထည်ပစ္စည်း အများအပြားလုပ်ကိုင်သည့် မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် တပ်ကြီးကျေးရွာနေ ဒေသခံများအနေဖြင့် မြေထည်ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုသည့် မြေနီကုန်ကြမ်းအပါအဝင် ပစ္စည်းများဈေးမြင့်တက်လျက်ရှိကြောင်း သိရသည်။ ဒီနှစ်မှာက ကုန်ကြမ်းပစ္စည်းအားလုံး ဈေးတက်လာတယ်။ မြေထည်ပစ္စည်းတွေကို မီးဖုတ်ဖို့ထင်းနဲ့ ကောက်ရိုးဈေးကအစ ခြယ်သရမယ့်သဘော်ဆေးတို့ရဲ့ ဈေးကလည်း မြင့်တက်လာတယ်ဟု အမရပူရမြို့နယ် တပ်ကြီးကျေးရွာနေ မြေထည်ပစ္စည်းများပြုလုပ်သူ အမျိုးသမီးတစ်ဦးကပြောဆိုသည်။

မြေထည်ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုသည့် မြေနီကုန်ကြမ်းသည် ယခင်က ထော်လာဂျီတစ်စီးလျှင် ကျပ် ၁၂၀၀၀ ရှိခဲ့ရာမှ ယခုအခါ ကျပ် ၁၅၀၀၀ အထိပေးဝယ်နေရပြီး မြေထည်ပစ္စည်းများမီးဖုတ်ရာတွင်အသုံးပြုသည့် ထင်း နှင့် ကောက်ရိုးဈေးအပြင် ယင်းပစ္စည်းများအား အလှအပအဖြစ် ဆေးခြယ်ရာတွင် အသုံးပြုသည့်သဘော်ဆေးများလည်း

ဈေးမြင့်တက်နေခြင်းဖြစ်သည်။ အမရပူရမြို့နယ် တပ်ကြီးကျေးရွာနေသူ အများအပြားသည် မြေထည်ပစ္စည်းများဖြစ်သည့် ရေအိုးအပါအဝင် အိုးပုတ်စသည့် မြေထည်ပစ္စည်းအမျိုးမျိုးကိုပြုလုပ်လျက် ဈေးကွက်ဖြစ်သည့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားပွဲဈေးများ၌ လှည့်လည်ရောင်းချကြသည်။

**Source:** https://myanmar.mmtimes.com/news/126474.html

## နိုင်ငံခြားသို့ အရည်အသွေးမြင့်ရွှေထည်တင်ပို့ မှု အခွန်ကင်းလွတ်ခွင့်ရမည်



နိုင်ငံခြားသို့ ရွှေတုံးရွှေခဲ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်ထားသော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့ရာတွင် အခွန်ကင်းလွတ်ရရှိမည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်းကကြေညာထားသည်။ ထိုသို့တင်ပို့ရာတွင် ဗဟိုဘဏ်ဥပဒေအရ ဗဟိုဘဏ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဟု မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီမှ ဒါရိုက်တာဦးအုန်းမြိုင်ကပြောသည်။ အခွန်ကင်းလွတ်က သန့်စင်မှု ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းရရှိမှပဲ အခွန်ကင်းလွတ်ခွင့်ရမယ်။ မဟုတ်ရင်အခွန်ကင်းလွတ်ခွင့်ရမှာမဟုတ်ဘူးဟု ၎င်းကဆိုသည်။

ရွှေပြည်ပတင်ပို့၊ တင်သွင်းခြင်းကို ယခုနှစ်ဇန်နဝါရီတွင် ပထမဆုံးတရားဝင်ခွင့်ပြုကြောင်း အစိုးရကကြေညာပြီး One Stop Service ကိုရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ Culture Valley ၌ စက် တင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ ရွှေတင်ပို့မှု အခွန်ကင်းလွတ်ခွင့်ပေးသော်လည်း တင်သွင်းမှုကိုအလွှာလိုက် အခွန်သတ်မှတ်ထားသည်။ ရွှေတုံး၊ ရွှေ ခဲ၊ ရွှေပြား၊ ရွှေချောင်း၊ ဒင်္ဂါး ပြား၊ ရွှေဖြင့်ပြုလုပ်ထားသော အနုပညာပစ္စည်း၊ ရွှေအသုံးအဆောင်ပစ္စည်းများကို အခွန် ၁၅ ရာခိုင်နှုန်းနှင့် လက်ဝတ်ရတနာကို အခွန် ၃၀ ရာခိုင်နှုန်းသတ်မှတ်ထားသည်။ ရွှေဖြူတင်သွင်း မှုကို အခွန် ၇ ဒသမ ၅ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ ရွှေတင်ပို့၊ တင်သွင်းခြင်းကို One Stop Serive စင်တာမှ တစ်ဆင့်ဆောင်ရွက်ရမည်ဟု ရွှေလုပ်ငန်းရှင်အသင်းက ကြေညာသည်။ One Stop Service စင်တာသည် နိုင်ငံအတွင်း ရွှေတင်ပို့၊ တင်သွင်းခြင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ပြီး တစ်နေရာတည်း၌ ခွင့်ပြုပေးမည့် နေရာဖြစ်ကာ လုပ်ငန်းရှင်များထံမှ ဝန်ဆောင်ခကောက်ယူမည်ဟု လုပ်ငန်းရှင်အသင်းကကြေညာသည်။

**Source:** http://www.7daydaily.com/story/162887

## ပုပ္ပားဒေသ၌ ထိုင်ဝမ်မာလကာစိုက်သူတို့ အရောင်းသွက်ပြီးဝင်ငွေကောင်းနေ



ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသတွင်စိုက်သော ထိုင်ဝမ်မာလကာခေါ် ခြောက်လမာလကာသီးများ (ယာပုံ) လှိုင်လှိုင်ပေါ်နေရာ အညာဒေသရှိ မြို့များမှမှာယူသောကြောင့် အရောင်းအဝယ်သွက်နေကြောင်း သစ်သီးပွဲရုံများနှင့်ဒေသခံတောင်သူများထံမှသိရသည်။ ပုပ္ပားဒေသတွင် ဒေသမျိုးမာလကာများအား အစားထိုးကာ ကြီးမြန်လွယ်ပြီး အသီးကြီးသော အရည်အသွေးကောင်းသည့် ထိုင်ဝမ်မျိုးကို စိုက်ကြကြောင်း သိရသည်။ ဒီတစ်ပတ်တော့ ခြံတွေအားလုံးဆွတ်ခူးနေတဲ့အတွက် လှိုင်လှိုင် ပေါ်နေတာ ဖြစ်ပါတယ်။ အရောင်းအဝယ်ကလည်း ညောင်ဦး၊ မြင်းခြံ၊ တောင်သာ၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ ဆိပ်ဖြူ၊ စလင်းမြို့နယ် တွေအထိပို့ရတော့ အရောင်းသွက်တယ်။ ဈေးကွက်မှာက လက်လီ သမားတွေပြန်ရောင်းတာပါ"ဟု ကျောက်ပန်းတောင်းမြို့နယ်မှ မာလကာ သီးခြံပိုင်ရှင်ကပြောဆိုသည်။

ထိုင်ဝမ်မာလကာသို့မဟုတ် ခြောက်လမာလကာ သို့မဟုတ် ကီလိုမာလကာဟုအမျိုးမျိုးခေါ်ကြပြီး စိုက်ပြီးခြောက်လမှ တစ်နှစ်အတွင်း အသီးများစတင်ဆွတ်ခူးနိုင်ကြောင်း၊ တစ်နှစ်ကျော်အရွယ်တွင် စိုက်ပျိုးခြံများ အပင်အနေအထားပေါ်မူတည်၍ ခြံတစ်ခြံတစ်ရာသီလျှင် ကျပ် သုံးသိန်းဝန်းကျင်မှ ကျပ်ငါးသိန်းအထိ ဝင်ငွေရကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126471.html

## MTSH အနေဖြင့် တရုတ်နိုင်ငံ၏ မဟာဗျူဟာစီမံကိန်းဖြစ်သော BRI နှင့်ချိတ်ဆက်နေသည့် မြစ်ကြီးနားစီးပွားဖွံ့ဖြိုးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန်လုပ်ဆောင်နေ




MTSH (Myanmar Thilawa SEZ Holdings Public Limited) အနေဖြင့် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် စီမံကိန်းဖြစ်သော BRI (Belt & Road Initiative) ဖြင့် ချိတ်ဆက်နေသည့် မြစ်ကြီးနား စီးပွားဖွံ့ဖြိုးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် လေ့လာမှုများ လုပ်ဆောင်နေကြောင်း MTSH ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။ မြစ်ကြီးနား စီးပွားဖွံ့ဖြိုးဇုန်သည် ကမ္ဘာ့လူဦးရေ အများဆုံးတရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကို ချိတ်ဆက်ထားသည့် လီဒိုလမ်းမပေါ်တွင်တည်ရှိနေပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန်သည် တရုတ်နိုင်ငံ အနောက်ဘက်ဒေသ အတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်အဖြစ်တည်ရှိကာ အဆိုပါစီမံကိန်းနှစ်ခုစလုံးသည် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသော စီမံကိန်းများအဖြစ် တည်ရှိနေကြောင်း ဦးဝင်းအောင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ အထူးစီးပွားရေးဇုန်သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် စီးပွားရေး အခွင့်အလမ်းကောင်းများစွာရှိပြီး အချက်အချာကျသည့်အတွက် ပုံမှန်တိုးတက်မှုရှိနေပြီး ဇုန်အတွင်းကုမ္ပဏီပေါင်း ၁၀၈ ခုအထိ ရင်းနှီးမြှုပ်နှံထားလျက်ရှိကြောင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ သီလဝါအထူးစီးပွားရေးဇုန်မှာ စက်ရုံ တည်ဆောက်ဖို့ နိုင်ငံပေါင်း ၁၈ နိုင်ငံက ကုမ္ပဏီပေါင်း ၁၀၈ ခုက စီးပွားဖြစ် လည်ပတ်နေတဲ့ စက်ရုံပေါင်း ၇၂ ခု ရှိနေပြီး ဒေါ်လာ ၁ ဒသမ ၆ ဘီလျံကျော်အထိ မြှုပ်နှံထားပါတယ်ဟု ဦးဝင်းအောင်ကပြောကြားသည်။ ဇုန်တွင် ဝင်ရောက် လုပ်ကိုင် နေသည့် ကုမ္ပဏီများ၏ ဈေးကွက်အခြေအနေမှာ ပြည်တွင်းဈေးကွက် ဦးစားပေးစက်မှုလုပ်ငန်းမှာ ရာခိုင်နှုန်း ၆၀ ရှိပြီး ပို့ကုန်ဦးစားပေး စက်မှု လုပ်ငန်း ရာခိုင်နှုန်း ၄၀ ရှိကာ ပြည်တွင်းဈေးကွက်အတွက် အဓိကထုတ်လုပ်သည့် လုပ်ငန်းပိုမိုများပြားလာကြောင်းသိရ သည်။

**Source:** https://news-eleven.com/article/126458

## မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးဂိတ်နှစ်ခု နေ့စဉ်ပုံမှန် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မြန်မာ-အိန္ဒိယနယ်စပ်ကုန်စည်ရောင်းဝယ်ရေးနယ်စပ်ဂိတ်နှစ်ခုဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်ရောင်းဝယ်ရေးနှင့် ချင်းပြည်နယ် ရိဒ် နယ်စပ်ရောင်းဝယ်ရေးဂိတ်နှစ်ခုမှာ ပြီးခဲ့သည့်ဇူလိုင်လအတွင်းက တစ်ဖက်နိုင်ငံအဖွဲ့အစည်းများက အရောင်းအဝယ်ပိတ်ထားခဲ့သည့်အတွက် နယ်စပ်ကုန်စည်အရောင်းအဝယ်များ ရပ်ဆိုင်းသွားခဲ့သော်လည်း ယခုသြဂုတ်လဆန်းမှစတင်၍ နေ့စဉ်အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်စပ် နန်းဖာလုံဈေးကော်မတီဥက္ကဋ္ဌက ပြောဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တစ်ဖက်ကမ်း အိန္ဒိယနိုင်ငံအပိုင် မိုရေးမြို့တွင် နယ်မြေမတည်ငြိမ်မှုကြောင့် ဇူလိုင်လအတွင်းက အရောင်းအဝယ်နှင့် လူဝင်လူထွက်များပါ တစ်ဖက်နိုင်ငံက ပိတ်ထားခဲ့ပြီး၊ ရိဒ်နယ်စပ်ရောင်းဝယ်ရေးတွင်လည်း တစ်ဖက်နိုင်ငံကုန်သည်များ ပြဿနာဖြစ်ရာမှ ကုန်စည်အဝင်အထွက် ပိတ်ထားခဲ့ရာ ယခုသြဂုတ်လဆန်းပိုင်းကျမှ ပုံမှန်အရောင်းအဝယ်ဖြစ်နေခြင်းဖြစ်သည်။ တစ်ဖက်နိုင်ငံအဖွဲ့အစည်းတွေက အကြောင်းအမျိုးမျိုးပြပြီး အရောင်းအဝယ်ပိတ်ထား တာကတော့ မကြာခဏ ဖြစ်ပါတယ်။ နစ်နာမှုရှိတာကတော့ ဒီဘက်က ကုန်သည်တွေဖြစ်ပါတယ်။ တချို့ကုန်စည်တွေက ပုပ်ကုန်သိုးကုန် တွေဖြစ်ပါတယ်။ အရောင်းအဝယ်မဖြစ်ဘူးဆိုရင် ဒီဘက်က ကုန်စည်တွေအတွက် စရိတ်စကတက်လာတယ်။ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုချောမွေ့ဖို့လိုအပ်ပါတယ်ဟု ဈေးကော်မတီ ဥက္ကဋ္ဌကပြောဆိုသည်။ တမူးနယ်စပ် နန်းဖာလုံဈေးတွင် ပစ္စည်းအမည်စုံအရောင်းအဝယ်ဖြစ်ကာ ရိဒ်နယ်စပ် ရောင်းဝယ်ရေးတွင် ကွမ်းသီးစို၊ ကွမ်းသီးခြောက်အများဆုံးအရောင်းအဝယ်ဖြစ်ပြီး၊ ဒေသထွက် သစ်သီးဝလံမျိုးစုံ၊ အထည်အလိပ်၊ မုန့်နှင့်ဖျော်ရည်မျိုးစုံ၊ အရက်မျိုးစုံ၊ စီးကရက်နှင့်ပလတ်စတစ်ပစ္စည်းမျိုးစုံ အရောင်းအဝယ်ဖြစ်နေပြီး၊ မြေဆီနှင့်ဆိုင်ကယ်ကို ပြန်လည်ဝယ်ယူကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/126507.html

## နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်ပို့ သည့် မြန်မာကုန်သည်များ အခက်အခဲကြုံတွေ့ ပင်လယ်ရေကြောင်းကို ပိုမိုအားပြုလာ

ယူနန်ပြည်နယ်မှ တရုတ်ကုန်သည်များ၏ မရိုးမသားပြုလုပ်မှုကြောင့် မြန်မာနိုင်ငံက ဆန်တင်ပို့နေသည့်ကုန်သည်များ အခက်အခဲဖြစ်နေသည်ဟု မူဆယ်ဆန်ကုန်စည်ဒိုင်မှ ဆန်ကုန်သည်အချို့ကပြောသည်။ တရုတ်အစိုးရ ခွင့်ပြုမိန့် (ပါမစ်) လက်လွှဲရောင်းချမှုများကိုအသုံးပြု၍ မြန်မာနိုင်ငံမှဆန်ကို ဝယ်ယူရာတွင် ဈေးနှိမ်ခြင်းအပါအဝင် နည်းမျိုးစုံသုံးနေသည်ဟု ၎င်းတို့ကပြောသည်။ နယ်စပ်မှ လယ်ယာထွက်ကုန်အချို့ကို ယူနန်အစိုးရက သွင်းကုန်ခွင့်ပြုမိန့်ထုတ်ပေးသော်လည်း တရုတ်ကုန်သည်များ၏ ဈေးနှိမ်ဝယ်ယူခြင်းခံရကြောင်း မူဆယ်မြို့ရှိကုန်သည်အချို့ပြောသည်။ ယူနန်အစိုးရက နယ်စပ်မှ ဆန်တန်ချိန်တစ်သောင်း တရားဝင်တင်သွင်းခွင့်ပြုထားသော်လည်း ဝယ်ယူသည့်ကုမ္ပဏီက ခွင့်ပြုမိန့်ကို အကျိုးအမြတ်ရယူပြီး လက်လွှဲရောင်းချမှုရှိခဲ့သည်ဟု မြန်မာနိုင်ငံမှ ဆန်ကုန်သည်များဘက်ကစွပ်စွဲနေသည်။ ထို့ကြောင့် တစ်လကျော်သည်အထိ တန်ချိန်သုံးထောင်မှ လေးထောင်ကြားသာရောင်းချနိုင်ခဲ့ကြောင်း ဘုရင့်နောင်ဆန် ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာဆန်ကုန်သည်များအတွက် နယ်စပ်မှယူနန်ပြည်နယ်သို့ ဆန်တင်ပို့ခြင်း လုပ်ငန်းဖွံ့ဖြိုးခဲ့သော်လည်း ယခုအချိန်တွင် ဈေးကွက်ကအကျိုးအမြတ်မရှိတော့ကြောင်း ဆန်တန်ချိန်တစ်သောင်း ရောင်းချမှု၌ပါဝင်ခွင့်ရရှိသူ ဦးသန်းဦးကပြောသည်။ တရုတ်နိုင်ငံရှိ ရွှေချိုက်ကုမ္ပဏီက မူဆယ်နယ်စပ်မှ တရားဝင် ဆန်တန်ချိန် တစ်သောင်းကျော်ဝယ်ယူရာတွင် ယူနန်အစိုးရကို အခွန် ၆၀ ရာခိုင်နှုန်း ပေးဆောင်ရသည့် အကြောင်းပြချက်ဖြင့် ဈေးနှိမ်ဝယ်ယူမှုများရှိကြောင်း မြန်မာဆန်ကုန်သည်အချို့ကပြောကြားသည်။ နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ဆန်တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀ ခန့်သာရသည်အထိ ဈေးနှိမ်ခံရမှုကြောင့် မြန်မာဆန်ကုန်သည်များ အကျိုးအမြတ်နည်းနေသဖြင့် တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ သင်္ဘောဖြင့်တရားဝင်ရောင်းချနိုင်ရေး ပြန်လည်ကြိုးစားလာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ ဆန်တင်ပို့တဲ့ပုံစံက ပြောင်းသွားတယ်ဟု ဦးမျိုးသူရအေးကပြောသည်။ တရုတ်ကုမ္ပဏီနှင့်မြန်မာကုမ္ပဏီအကြား ညှိနှိုင်းပြီး တရားဝင် အခွန်ဆောင်၍ ဆန်တင်ပို့ခြင်းဖြစ်သည်။ ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၃၂၀ မှ ၃၃၀ အကြား အနည်းဆုံးဈေးရရှိကြောင်း ဦးသန်းဦးကပြောသည်။ လက်ရှိတွင် တရုတ်သို့ ရေကြောင်းမှတစ်ဆင့် တရားဝင်အခွန်ဆောင်ပြီး ဆန်တန်ချိန် ခြောက်သောင်းခန့်ရောင်းချထားကြောင်း၎င်းကပြောသည်။

**Source:** http://www.7daydaily.com/story/162739

## ကျောက်ပန်းတောင်း ခရမ်းချဉ်ဈေးကျဆင်း၍ တောင်သူများတွက်ခြေမကိုက်



ကျောက်ပန်းတောင်းမြို့နယ်မှ ထွက်ရှိသော ခရမ်းချဉ်များမှာ လက်ရှိ ဈေးကွက်အရ အလွန်အမင်း ဈေးကျဆင်းနေသည့်အတွက် တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြောင်း သိရသည်။ ခရမ်းချဉ်ကို အဓိကစိုက်တယ်။ အရင်းအနှီးတွေက အားလုံးဈေးမြင့်နေတဲ့အတွက် ဈေးကောင်းမရတော့ တွက်ခြေမကိုက်ဘူး။ အသီးကလည်း ဒေသမျိုးတွေက အသီးမလှတဲ့အပြင် ကြာကြာမခံတော့ ဈေးကွက်မဝင်ဘူး။ ဒီတော့ ရှမ်းသီးတွေကိုပဲ စိုက်တယ်၊ စရိတ်ကလည်း ပိုမြင့်တယ်။ လက်ရှိလက်ကားဈေးက ခရမ်းချဉ်တစ်ပိဿာကျပ် ၄၅၀ နဲ့ပဲ ပွဲစားကို ရောင်းရတယ်ဟု ကျောက်ပန်းတောင်းမြို့နယ်မှ တောင်သူဦးလှဦးက ပြောဆိုသည်။ ကျောက်ပန်းတောင်း သစ်သီးဈေးကွက်တွင် ခရမ်းချဉ်ကို ရှမ်းပြည်နယ်ထွက်နှင့်ဒေသသီးဆိုပြီး ရောင်းချကြကြောင်း၊ ဒေသသီး တစ်ပိဿာကျပ် ၈၀၀၊ ရှမ်းသီးတစ်ပိဿာ ကျပ် ၁၀၀၀ ဈေးပေါက်ကြောင်း၊ လွန်ခဲ့သော သီတင်းပတ်က ဒေသသီးမှာ ကျပ် ၁၂၀၀၊ ရှမ်းသီးမှာ ကျပ် ၁၃၀၀ ဈေးဖြစ်ခဲ့သော်လည်း အဝင်များ၍ ဈေးကျနေခြင်းဖြစ်သည်။

ခရမ်းချဉ်စိုက်ရတာက ထီထိုးသလိုပဲ။ လွန်ခဲ့တဲ့နှစ်ကလည်း ဈေးအရမ်းကျလို့ ဆွတ်ရင်အလုပ်သမားခရှုံးမှာမို့လို့ မဆွတ်ဘဲထားရတယ်။ အသီးက စပေါ်တုန်းပဲရှိသေးတယ်။ ဥပမာ ပြောရရင် ရေနံချောင်းမှာ တစ်ပိဿာ ကျပ် ၇၀၀ ပဲရှိတယ်။ တောင်သူကတော့ ကျပ် ၅၀၀ ဝန်းကျင်ရောင်းရတာ။ ဒီထဲ ကားခ၊ အလုပ်သမားခနဲ့ပါဆိုရင်မကိုက်ဘူးဟု တောင်သူဦးတင်လှက ပြောဆိုသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးရာသီ၌ခရမ်းချဉ်ကို အဓိကစိုက်ပျိုးကြောင်း၊ ၎င်းဒေသထွက် ခရမ်းချဉ်များကို အညာဒေသ ၁၀ မြို့နယ်က ဝယ်ယူကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126504.html

## မန်းကျောက်စိမ်းဈေးကွက်သို့ ကုန်ကြမ်းအဝင်နည်းသော်လည်း ပုံမှန်အတိုင်းစည်ကားမှုရှိ အပွင့်များအရောင်းအဝယ်ကောင်း



ယခုရက်ပိုင်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းအတွင်းသို့ တရုတ်နိုင်ငံမှ ခရီးသည်များ လာရောက်မှုများပြားနေသောကြောင့် အရည်အသွေးကောင်းအပွင့်များ သိသာစွာအရောင်းအဝယ်ကောင်းလျက်ရှိပြီး မော်ဒေသများဆီမှ ကျောက်စိမ်းတုံးကုန်ကြမ်းများ အဝင်နည်းနေသော်လည်း ရောင်းသူ၊ ဝယ်သူများဖြင့် ပုံမှန်အတိုင်းစည်ကားမှုရှိနေကြောင်း ကုန်သည်များနှင့် ဝယ်ရောင်းသမားများထံမှ သိရသည်။ စခန်းအတွင်းကို ဝင်ရောက်တဲ့ တရုတ်နိုင်ငံက ခရီးသွားတွေ အရင်နှစ်တွေတုန်းကထက် သိသာစွာများပြားလာပြီး အပွင့်တို့၊ လက်ကောက်တို့ကို စိတ်တိုင်းကျရင် ဈေးကောင်းပေးဝယ်ယူကြပါတယ်။ အပွင့်ဝိုင်းမှာ အထက်ပိုင်းကျောက်အပွင့်တွေထက် အောက်ပိုင်းအပွင့်တွေပဲ ပိုအရောင်းအဝယ်ဖြစ်နေပြီး ဂွင်ကျောက်တွေနဲ့ လွှာချပ်ဖြတ်နိုင်လောက်တဲ့ ကျောက်တွေ ရှားပါးနေလို့ လက်ကောက်ကွင်းတွေကို သိပ်မလုပ်နိုင်ကြပါဘူး။ ဈေးကွက်အနေအထားက အရင်လတွေထက်စာရင် အေးသွားပြီး ပစ္စည်းကောင်းမရှိသေးတာကြောင့် တရုတ်ဝယ်လက်တွေအနေနဲ့ စခန်းပြင်ပက ကုမ္ပဏီတွေအထိ ရှာဖွေဝယ်ယူနေကြရပါတယ်။ ပြည်တွင်းကုန်သည်ကြီးတွေ အများစုက အခုလိုဈေးကွက်အေးနေချိန်မှာ ကျောက်ကောင်းတွေကို ထုတ်မရောင်းကြသေးဘဲ တချို့က ဈေးကောင်းပိုရအောင် ရွှေလီဘက်အထိ တက် ရောင်းကြတာတွေရှိပေမယ့် ခရီးစရိတ်တွေကြောင့် မျှော်မှန်းထားသလောက် တွက်ခြေမကိုက်ပါဘူး။ ခုံပိုင်ရှင်တွေက မော်တာစက်တွေ ဝင်ငွေမကာမိလို့ ယာယီရပ်နားထားကြပါတယ်"ဟု ကျောက်စိမ်းကုန်သည် ဦးသန်းထွန်းက ဩဂုတ် ၂ ရက် တွင် ဒီမိုကရေစီတုဒေးသို့ ပြောကြားသည်။ စခန်းအတွင်းရှိ ပစ္စည်းများကို ကြိုက်ရောင်းကြိုက်ဝယ်ပုံစံဖြင့်သာ ရောင်းဝယ်လျက်ရှိကြကာ ခါးပိုင်းလက်ကောက်များမှာ အနည်းဆုံး ငွေကျပ်နှစ်သောင်းကျော်မှ သိန်းဂဏန်းအထိရရှိကြောင်း၊ သွေးခုံ၊ ဖြတ်ခုံ၊ ဖောက်ခုံများတွင် အပ်ထည်များ အနည်းငယ်သာရရှိကြောင်း၊ တစ်နိုင်တစ်ပိုင်ဝယ်ရောင်းသမားများမှာ ကုန်ကြမ်းတုံးအသစ်များ ပြန်လည်ဝင်ရောက်လာမည့် မိုးတွင်းနောက်ပိုင်းကာလကိုသာ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**Source:** https://dailydemocracytoday.com/business-news/190

## မြန်မာ-တောင်ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဇုန်ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးမည်

မြန်မာ-တောင်ကိုရီးယား နှစ်နိုင်ငံကုန်သွယ်မှုနှင့်စက်မှုဇုန်ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က Mou တွေကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ နှစ်နိုင်ငံအစိုးရချင်း ကုန်သွယ်မှုတိုးမြှင့်နိုင်ဖို့ အခွင့်အလမ်းကောင်းတွေ ရှာဖွေနိုင်ဖို့ဖြစ်တယ်ဟုပြောသည်။ လက်ရှိတွင် မြန်မာ-တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးဆက်ဆံမှုတိုးမြှင့်ခြင်း၊ လုသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများ၊ စီးပွားရေးပညာရှင်များ အပြန်အလှန်စေလွှတ်ခြင်း၊ ၊ ဖွံ့ဖြိုးမှုဆိုင်ရာကူညီပေးခြင်းစသည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာ့ပို့ကုန် ဆန်နှင့်သရက်သီးတို့ကိုလည်း တောင်ကိုရီးယားနိုင်ငံသို့တင်ပို့နိုင်ရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် Korea Myanmar Research Association (KOMYRA)တို့ ဆွေးနွေးနေကြောင်း UMFCCI အသင်းချုပ်မှသိရသည်။ UMFCCI အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးက တောင်ကိုရီးယားနိုင်ငံကို နှမ်းနက်၊ ကဏန်းပျောနဲ့တစ်ခြားအမယ်တွေတင်ပို့နေတယ်။ ဒါ့အပြင် ပို့ကုန်အမယ် သစ်တွေ ကိုလည်း တင်ပို့နိုင်ဖို့ ကြိုးပမ်းနေတယ်။ တောင်ကိုရီးယားလူမျိုးတွေဟာ အရသာအချိုကိုကြိုက်ကြတယ်။ ဒါကြောင့် သရက်သီးလို အသီးအနံ့မျိုး အပြင် တခြားထွက်ကုန်များလည်းတင်ပို့နိုင်ဖို့ လေ့လာသွားမှာဖြစ်သလို ပို့ကုန်အမယ်သစ် အနည်းဆုံး ၁၀ မျိုးခန့် ပို့နိုင်အောင်ကြိုးပမ်းနေတယ်ဟုပြောသည်။

လက်ရှိ တောင်ကိုရီးယားနိုင်ငံတွင်ရရှိနေသည့် ကဏန်းဈေးကွက်ကို ပျောက်ပျက်မသွားရေးအတွက် အရည် အသွေးသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကဏန်းများကို စဉ်ဆက်မပြတ်တင်ပို့နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သလို ဈေးကွက်ချဲ့ထွင်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာ့ထွက်ကုန်များအနေဖြင့် Made in Myanmar ဖြစ်ရေးအတွက် အရည်အသွေးကို

အဓိကထားရမည်ဖြစ်ပြီး အစားအစာများဆိုလျှင် ဘေးကင်းရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကဆိုသည်။ လက်ရှိတွင် ကုန်ပစ္စည်းတင်ပို့မှုအလားအလာ၊ အရည်အသွေးနှင့်တင်ပို့နိုင်မှုအပေါ် ချိတ်ဆက်ဆောင်ရွက်နေပြီး ကိုရီးယားနိုင်ငံတွင်လည်း Myanmar Trade Centre တစ်ခုကိုဖွင့်လှစ်၍ မြန်မာ့ထုတ်ကုန်များအား ကြော်ငြာရောင်းချမှုများကိုလည်း လုပ်ဆောင်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2363990567019759?__tn__=K-R

## စားဖိုဆောင်သီးနှံနှင့် ပဲမျိုးစုံတင်ပို့ မှု မြင့်တက်လာသော်လည်း ယွမ်ဈေးအနည်းငယ်ကျဆင်း

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စားဖိုဆောင်သီးနှံနှင့် ပဲမျိုးစုံတင်ပို့မှု မြင့်တက်လာသော်လည်း ယွမ်းဈေးအနည်းငယ် ကျဆင်းလာခြင်းကြောင့် ကုန်သည်များ အမြတ်ရရှိမှု နည်းပါးလာ ကြောင်း မူဆယ်နယ်စပ်ကုန်သည်များကဆိုသည်။ အရင်နှစ်ပတ်လောက်က တစ်ယွမ်ကို ကျပ် ၂၂၀ ကျော် ပေါက်တာကနေ အခုအပတ်မှာ ၂၁၉ ယွမ်ကို ကျဆင်းလာတယ်။ ပဲအမျိုးအစားအလိုက် တစ်တန်ကို ယွမ် ၂၀ လောက်ဈေးကျတယ်။ ယွမ်ဈေးကမာနေတော့ ကုန်သည်တွေ အထိနာတယ်ဟု မူဆယ်ရှိ ကုန်သည်တစ်ဦးကပြောသည်။ လက်ရှိတွင် မူဆယ်မှ တရုတ် ယူနန်ပြည်နယ်ဘက်သို့ တစ်ပတ်လျှင် ကြက်သွန်နီ တန်ချိန် ၁,၀၀၀ ကျော် တင် ပို့ရာမှ ယခုအခါတွင် တန်ချိန် ၁,၂၀၀ ခန့်အထိ တင်ပို့လာကြောင်း၊ နနွင်း တန်ချိန် ၃၀၀ ကျော် တင်ပို့ရာမှ ယခု အခါတွင် တန်ချိန် ၃၉၀ ကျော်၊ ငရုတ်ခြောက် တန်ချိန် ၃၀ ကျော် တင်ပို့ရာမှ ယခုအခါတွင် တန်ချိန် ၃၇ ခန့်၊ ကြက်ကက်သွန်နီ တန်ချိန် ၄၀၀ ကျော် တင်ပို့ရာမှ ယခုအခါတွင် တန်ချိန် ၄၅၀ ခန့်အထိ တင်ပို့လာကြောင်းသိရသည်။

ပဲမျိုးစုံတင်ပို့မှုအဖြစ် ပဲယင်း၊ ပဲကြီး၊ ထောပတ်ပဲ၊ ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ စွန်တာနီ၊ ပဲစင်းငုံ၊ ကုလားပဲ စသည်တို့ တင်ပို့လျက်ရှိပြီး၊ ပဲယင်း တစ်တန်လျှင် ယွမ် ၃၈၀၀ မှ ၄၀၀၀ ကြား၊ ထောပတ်ပဲ တစ်တန်လျှင် ယွမ် ၅၂၀၀ မှ ၅၃၀၀ ကြား၊ ပဲတီစိမ်း တစ်တန်လျှင် ယွမ် ၅၀၀၀ မှ ၆၈၀၀ ကြား၊ ပဲနီကြား တစ်တန်လျှင် ယွမ် ၃၄၀၀ မှ ၃၅၅၀ ကြား အသီးသီး ဈေးပေါက်နေကြောင်းသိရသည်။ ပဲတွေထဲမှာ ပဲတီစိမ်းက အမှာအများဆုံးပဲ။ တစ်ပတ်ကို တန် ၂၃၀၀ ကျော်လောက် တင်ပို့တယ်။ အခုနောက်ပိုင်းဝယ်လာတဲ့ ပဲကြီးနဲ့ပဲလွန်းဖြူဆိုရင်လည်း အဝယ်ပိုလိုက်တယ်ဟု မန္တလေးရှိ ပဲမျိုးစုံကုန်သည် ဦးမော်ကပြောသည်။ လက်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်ကျစ် ၁ပိဿာ သယ်ယူစရိတ်မှာ ၃၄ ကျပ်မှ ၃၅ ကျပ် ကြား၊ ကုန်ပွ တစ်ပိဿာလျှင် ၄၅ ကျပ်မှ ၄၆ ကျပ်ထိ ပေါက်ဈေးရှိနေသည်။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သည် တစ်နိုင်ငံလုံး ကုန်သွယ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2362505693834913?__tn__=K-R

## သစ်သီးဝလံနှင့် တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည်

သစ်သီးဝလံထုတ်လုပ်မှု စွမ်းရည်မြှင့်တင်ရေးနှင့်တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှသိရသည်။ အဆိုပါစီမံကိန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီး ဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရ၊ ပြည်နယ်အတွင်းရှိ သစ်သီးဝလံနှင့်ခရီးသွားဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဒီစီမံကိန်းကို ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုဘုတ်အဖွဲ့ကို တင်ပြအတည်ပြုချက်ရယူထားပြီးတော့ နှစ်အလိုက် လုပ်ငန်း စီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တယ်ဟုပြောသည်။

အဆိုပါစီမံကိန်းတွင် ထောပတ်သီး၊ လက်ဖက်နှင့်ချင်း(ဂျင်း)သီးနှံသုံးမျိုး၏ တန်ဖိုးမြှင့်ကွင်းဆက်ကို မြှင့်တင် ဆောင်ရွက်ရန်ရွေးချယ်ထားပြီး ခရီးသွားကဏ္ဍနှင့်ချိတ်ဆက်မည်ဖြစ်သည်။ အကောင်ထည်ဖော်မည့်ဒေသများအဖြစ် ညောင်ရွှေ၊ ပင်းတယ၊ ကလော၊ ရွာငံ၊ ပင်လောင်း၊ ဟိုပုံး၊ တောင်ကြီး နှင့် ဖယ်ခုံမြို့နယ်တို့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းကာလကို ထပ်မံဆွေးနွေးဆောင်ရွက်မည်ဟုသိရသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွား သူများအနေဖြင့် ကျန်းမာရေးဘေးအန္တရာယ်ကင်းရှင်းသည့် သစ်သီးဝလံများစားသုံးနိုင်မည်ဖြစ်သလို ကဏ္ဍနှစ်ခုအကြား ပိုမို

ချိတ်ဆက်လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2365634396855376?__tn__=K-R

## မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း ၁၂ ခုအတွက် ကန်ဒေါ်လာ ၅ သန်းဖြင့် ဆောင်ရွက်မည်

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအတွင်း ရန်ပုံငွေကန်ဒေါ်လာ သန်း ၃၀၀ ထဲမှ မြန်မာနိုင်ငံအတွက် ကန်ဒေါ်လာ ၅ သန်းခန့် ရန်ပုံငွေရရှိထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ အဆိုပါ စီမံကိန်းပေါင်းကို ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံမှ စီမံကိန်း ၂၃ ခုအား အဆိုပြုထားရာမှ စီမံကိန်း ၁၂ ခုကို ရွေးချယ်ခံရပြီး ကန်ဒေါ်လာ ၅ သန်းခန့် ရရှိထားကာ ဦးစားပေးကဏ္ဍအဖြစ် ကနဦးအဆင့် ပေါင်းစည်းဆက်သွယ်မှု၊ ထုတ်လုပ်မှု၊ စွမ်းရည်ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးစသည့်ကဏ္ဍတို့တွင် ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဦးစီးဌာနများက ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံနှင့် မဲခေါင် ၅ နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူ မှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံမှ အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း (၃၀၀) ခန့် စိုက်ထူတည်ထောင်ပေးထားခြင်း ဖြစ်သည်။ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ အောက်ကနေ ပထမအသုတ် စီမံကိန်းငါးခု အောင်မြင်အောင် ဆောင်ရွက်ခဲ့တယ်။ အခု ဒုတိယအကြိမ် အထူးရန်ပုံငွေနဲ့ပဲ စီမံကိန်းတွေ ဆက်လက်ဆောင်ရွက်သွားမယ်ဟုပြောသည်။ အဆိုပါစီမံကိန်းတွင် စိုက်ပျိုးထုတ်လုပ်မှု အဆင့်မြင့်နည်းပညာတန်ဖိုးကွင်းဆက် စီမံကိန်း၊ ဘေးအန္တရာယ်ကင်းသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အရည်အသွေးမြှင့် ထုတ်လုပ်မှုနည်းပညာဆိုင်ရာစီမံကိန်း၊ ဆင်းရဲမှုလျော့ချရေး အတွက် တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံများ တည်ထောင်ဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းစသည့် တောင်သူနည်းပညာပေး လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါစီမံကိန်းမှာ မဲခေါင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျော့ချရန်နှင့် အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုပေးရန် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်း ဆောင်ရွက်ရေး ရည်ရွယ်ဖော်ဆောင်သည့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းများဖြင့် ပြည်သူများ၏ လူမှုဘဝတိုးတက်ရေး အကောင်အထည်ဖော်ပေးခြင်းဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2363994120352737?__tn__=K-R

## STOCK EXCHANGE (5.8.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 1,841 | 20,971,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 2,590 | 8,810,550 | 38,929,150 | 134,306 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 1,366 | 10,928,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,500 | +0 | +0.00% | 24,500 | 24,500 | 24,500 | 468 | 11,466,000 | 2,472,053 | 60,565 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 5,023 | 14,817,850 | 12,823,224 | 37,829 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.51 | -8.48 | -1.86% | 456.99 | 458.41 | 448.51 | 11,288 | 66,993,400 | 5 | 614,148 |

**Index chart**




# Market Overview

As of 1:00 pm, 5th Aug. 2019

| | |
|---|---|
| MYANPIX-1 | 448.51<br>8.48 |
| Total Volume (shares) | 11,288 |
| Total Value (MMK) | 67 mil |
| Listed Company | 5 |
| Market Cap. (MMK) | 614,148 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | 500 |
| MTSH | 00002 | 3,450 | 50 |
| MCB | 00003 | 8,000 | 0 |
| FPB | 00004 | 24,500 | 0 |
| TMH | 00005 | 2,950 | 0 |